# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။
(၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၁ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၁ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါဥပဒေဟုရည်ညွှန်းသည့် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ၌ ''သတင်းစာဟူသည်မှာ'' ဆိုသည့်စကားရပ်အစား ''သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသည်မှာ'' ဆိုသည့်စကားရပ်ကိုငင်း၊ ''ထိုသတင်းစာပုံနှိပ်ရာ'' ဆိုသည့် စကားရပ် အစား ''ထိုသတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း ပုံနှိပ်ရာ'' ဆိုသည့်စကားရပ်ကိုငင်း ထည့်သွင်းရမည်။

၃။ ။အဆိုပါဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) ၌ ''သတင်းစာနှင့်'' ဆိုသည့် စကားရပ်အစား ''သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါဥပဒေပုဒ်မ ၅ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''ပြန်ကြားရေးဌာန'' ဆိုသည့် စကားရပ်အစား ''ပြည်ထဲရေးဝန်ကြီးဌာန'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂) ၌ ''ပြန်ကြားရေးဌာနတာဝန်ခံ'' ဆိုသည့်စကားရပ်အစား ''ပြည်ထဲရေးဌာန ဝန်ကြီး'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါဥပဒေပုဒ်မ ၁၂ ၌ ''စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း'' ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်းတွင်၊ ထိုစကားရပ်အစား ''သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါဥပဒေပုဒ်မ ၂၁ ၌ ''ပြန်ကြားရေးဌာနတာဝန်ခံ'' ဆိုသည့် စကားရပ်အစား ''ပြည်ထဲရေးဌာနဝန်ကြီး'' ဆိုသည့်စကားရပ်ကို၎င်း၊ ''အဆိုပါဌာနတာဝန်ခံ'' ဆိုသည့်စကားရပ်အစား ''ပြည်ထဲရေးဌာနဝန်ကြီး'' ဆိုသည့် စကားရပ်ကို၎င်း ထည့်သွင်းရမည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။
(၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။